## အွန်လိုင်း EAL/D ရထိုက်ခွင့်အတွက် လျှောက်လွှာ စိစစ်ရမည့်စာရင်း

အင်္ဂလိပ်ဘာသာစကားကို ထပ်ဆင့် အပိုပြောမည့် ဘာသာစကား သို့မဟုတ် အရပ်ပြောစကား (EAL/D) အဖြစ် ATAR ဟုအမည်တွင်သော ဩစတြေးလျန်း အထက်တန်းပညာရေး ဝင်ခွင့် အဆင့်အတန်း သင်တန်းကို 12 တန်း တွင် ကျောင်းအပ်ရန် အတွက် သင်သည် အွန်လိုင်း EAL/D ရထိုက်ခွင့် အတွက် လျှောက်လွှာကို ကျောင်း သင်ရိုးညွှန်းတမ်းနှင့် စံနှုန်း အာဏာပိုင် (အာဏာပိုင်) ထံ ကျောင်းသား ပေါ်တယ် (student portal) https://studentportal.scsa.wa.edu.au မှတစ်ဆင့် တင်သွင်းရမည်–

သင့် လျှောက်လွှာကို မစတင်မီ သင် လိုအပ်သည့်အရာတိုင်း သင့်တွင် ရှိနေကြောင်း သေချာစေရန်အတွက် စစ်ဆေးရန် ဤစစ်ဆေးရမည့်စာရင်းကို အသုံးပြုပါ။

သင်၏ အွန်လိုင်း လျှောက်လွှာကို တင်သွင်းရန် သင်သည် အိမ်၌ဖြစ်စေ သို့မဟုတ် ကျောင်း၌ဖြစ်စေ ကွန်ပျူတာ သုံးရန် လိုအပ်လိမ့်မည်။ အကယ်၍ သင့်တွင် မေးရန်မေးခွန်း တစ်ခုခုရှိလျှင် သင့်အားကူညီပေးရန်အတွက် သင့် မိဘများ သို့မဟုတ် သင်၏ EAL/D ဆရာဆရာမကို မေးမြန်းပါ။

## ကျောင်းသား ပေါ်တယ် (Student portal) သို့စာရင်းဝင်ရောက်ခြင်း

ကျောင်းသားပေါ်ဒယ်သို့ စာရင်းဝင်ရောက်ရန် သင်သည် သင်၏ **WA ကျောင်းသားနံပါတ်** လိုအပ်မည်၊ ၎င်းကို သင် သင်၏ ကျောင်းအစီရင်ခံစာ/များ သို့မဟုတ် သင်၏ SmartRider တွင် တွေ့မည်ဖြစ်ပါသည်။ သင်သည် သင့် **ကိုယ်ပိုင် အီးမေးလ် လိပ်စာ** တစ်ခုကိုလည်း လိုမည်ဖြစ်ပါသည်။ သင်၏ အွန်လိုင်း လျှောက်လွှာကို သင် ဖြည့်စွက်သည့်အခါ သင်သည် သင်၏ ကိုယ်ပိုင် အီးမေးလ် စာရင်းကို သင် ရယူနိုင်ရမည်။

## နေထိုင်ရာ အကြောင်းအချက်အလက်များ

သင်သည် အောက်ဖော်ပြပါ အသေးစိတ်အချက်အလက်များကို တင်ပြရန် လိုအပ်မည်–

- ☐ မွေးဖွားရာ နိုင်ငံ
- ☐ ဩစတြေးလျနိုင်ငံသို့ ရောက်ရှိလာခဲ့သည့် ရက်စွဲ
- ☐ မွေးဖွားရာ နိုင်ငံ — မိခင် နှင့် ဖခင် (သို့မဟုတ် စောင့်ရှောက်သူ/များ)
- ☐ သင် နေထိုင်ခဲ့သည့် နိုင်ငံများ
- ☐ နိုင်ငံသား
- ☐ အိမ်၌ သင်ပြောဆိုသည့် ဘာသာစကား

## ပညာရေးဆိုင်ရာ နောက်ကြောင်း

သင့်တွင် အောက်ပါတို့ရှိကြောင်း သေချာအောင်လုပ်ပါ–

- ◻ သူငယ်တန်းမှ စ၍ ကျောင်းနေသည့်နှစ်တိုင်းအတွက် သင် တက်ရောက်ခဲ့သည့် ကျောင်းများ၏ အမည်များနှင့်လိပ်စာများ
    - ကျောင်း အမည်
    - ကျောင်းတည်ရှိသည့် နိုင်ငံ
    - သင် ကျောင်းတက်ရောက်ခဲ့သည့် ပြက္ခဒိန်နှစ်
    - အပြည်ပြည်ဆိုင်ရာ ကျောင်း အဆင့်အတန်း
    - ကျောင်း၌သင်ကြားပို့ချသည့် အဓိက ဘာသာစကား
    - အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချသည့် သင်တန်း ရာခိုင်နှုန်း
- ◻ သြစတြေးလျနိုင်ငံ ပြင်ပရှိ သင် တက်ရောက်ခဲ့သည့်ကျောင်း အတန်းများအတွက် ကျောင်းအစီရင်ခံစာ/များ

## အထောက်အကူပြု စာရွက်စာတမ်းများ

သင်သည် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ဓါတ်ပုံရိုက်ရန် သို့မဟုတ် စကင် (scan) လုပ်ရန် လိုအပ်ပါမည်–

- ◻ နိုင်ငံကူးလက်မှတ် ဓါတ်ပုံပါ စာမျက်နှာ
- ◻ နိုင်ငံတွင်း ဝင်လာသည့် တံဆိပ်ရိုက်နှိပ်ထားသည့် ရက်စွဲ သို့မဟုတ် ဗီဇာ သို့မဟုတ်
- ◻ အပြည်ပြည်ဆိုင်ရာ ရွှေ့လျားမှု မှတ်တမ်း/များ
- ◻ ကျောင်း အစီရင်ခံစာ/များ

သင်၏ ကွန်ပျူတာ သို့မဟုတ် မိုဘိုင်းဖုန်း၊ တက်ပလက် စသည့်ရွေ့လျားနိုင်သည့်ကိရိယာများတွင် ဖိုင်တစ်ခုစီကို အများဆုံး **4MB** ဖြင့် **.pdf, .jpg, .jpeg** သို့မဟုတ် **.png** ဖိုင်များအဖြစ် စာရွက်စာတမ်းများကို စေ့ဖ် (**save**) လုပ်ထားပါ။
**Word** ဖိုင်အဖြစ် စာရွက်စာတမ်းများကို လက်ခံမည် မဟုတ်ပါ။